**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## ငြိမ်းချမ်းစွာဖြင့် ရန်ကုန်မြို့သို့ စတင်ချီတက်လာသော ဒီမိုကရေစီပညာရေးပင်မသပိတ်စစ်ကြောင်းအပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ကြေငြာချက်

ရက်စွဲ - ၀၅၊ ၀၃၊ ၂၀၁၅

၁။ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ယက် (NNER)၊ အစိုးရ၊ လွှတ်တော်တို့၏ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှ ပညာရေးဝန်ကြီးဌာနမှတဆင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းသော "အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို အပြည့်အဝထောက်ခံသည်။

၂။ အဆိုပါ ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးရမည့် နောက်ဆုံးရက်ဖြစ်သော ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့အထိ ဒီမိုကရေစီပညာရေးသပိတ်စစ်ကြောင်းသည် လက်ပံတန်းမြို့ အောင်မြေဗိမ္မာန်ကျောင်းတိုက်၌ သပိတ်ကို ခေတ္တရပ်နားစောင့်ကြည့်သွားမည်ဟု (၃/၂၀၁၅)ဖြင့် သဘောထားထုတ်ပြန်ပြီးဖြစ်သည်။

၃။ မတ်လ(၃)ရက် ၂၀၁၅ တွင် လက်ပံတန်းမြို့အောင်မြေဗိမ္မာန်ကျောင်းတိုက်မှ ငြိမ်းချမ်းစွာဖြင့် ရန်ကုန်မြို့သို့ စတင်ချီတက်လာသောဒီမိုကရေစီပညာရေးပင်မသပိတ်စစ်ကြောင်းအပေါ် လုံခြုံရေးတပ်ဖွဲ့များမှ အင်အားသုံးတားဆီးနေမှုများ၊ အကြမ်းဖက်နှိမ်နင်းနိုင်သည့် အခြေအနေများကို တွေ့မြင်နေရပါသည်။

၄။ ထို့ကြောင့် ဒီမိုကရေစီပညာရေးသပိတ်စစ်ကြောင်းကို အကြမ်းဖက်ဖြိုခွင်းခြင်းများမပြုလုပ်ဘဲ ငြိမ်းချမ်းစွာညှိနှိုင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအား တိုက်တွန်းအပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

- ဆက်သွယ်ရန် - (ဖုန်း) +၆၆ ၀၈၇၉၄၃၈၇၅၀

*********